～ မေးနေတာ။ 人家正经地问你。

**အတည်ပေါက်ချိုး** က၊ <a- ti baut khyo:> 装得一本正经：စားနေကျကြောင်ဖားပီပီ ～ ရှိလိမ်နေ၏။ 真是老狐狸，装得一本正经的样子在骗人。

**အတည်ပြု** က၊ <a-ti pyu'> ①通过，批准，规定：လမ်းစဉ်နဲ့ပေါ်လစီများကိုထပ်မံ ～ လိုက်တယ်။ 再次确定了路线和政策。/ ～ စာတမ်း 批准书 ②正式，肯定；～ ကြေညာသည်။ 正式宣布。/ အတည်မပြုသေးသည့်သတင်း 非正式消息，未经证实的消息

**အတည်ပြုစမ်းသပ်ခြင်း** န၊ <a- ti pyu' san: that khyin:> 【化】证实试验

**အတည်ဖြစ်** က၊ <a- ti phyit> 生效，被证实

**အတည်မကျ** က၊ <a- ti m-kya'> 不固定

**အတည်မဲ့** က၊ <a- ti me'> (古)无常，(人)死：～ သေသတ္တဝါ 无常之众生

**အတည်ယူ** က၊ <a- ti yu> 真心地跟对方结为夫妻

**အတည်အကျ** ကဝ၊ <a- ti a- kya'> ＝ အတည်တကျ

**အတည်အတံ့** ကဝ၊ <a- ti a- tan'> 永久，永恒，稳固

**အတည်းအခို** န၊ <a-te: a-kho> 寄宿，住宿

**အတည်းအတွ** ကဝ၊ <a- te: a- twa'> (古)迟缓地，慢吞吞地

**အတတ်** I န၊ <a- tat> ①本事，本领，技能 ②手段，作用：သူ့ ～ ကြောင့်ခင်ဗျားကိုဆရာကြီးဆူတာဗျ၊သိလား။ 都是他坑的(使手腕)，你才挨校长的训斥，知道吗？ II က၊ <a-tat> 学会，掌握：တလတည်းနဲ့ ～ သင်ပေးမယ်။ 只要用一个月的时间教会你。

**အတတ်ဆန်း** က၊ <a-tat hsan:> 标新立异：သူက ～ ပြီးလုပ်လိုက်တာငါးပါးကိုမှောက်သွားတာပဲ။ 他在工作中标新立异结果反而将事情办糟了。

**အတတ်ဉာဏ်** န၊ <a- tat nyan> 智慧

**အတတ်ပညာ** န၊ <a- tat pyin nya> 技能，技术：～ ရူပဗေဒ 技术物理 / ～ ရှင် 科技人员，技术员 / ～ သည် 技术员

**အတတ်အလိမ္မာ** န၊ <a- tat a- lein ma> 技能，才干

**အတိတ်** န၊ <a-teit> ①过去：～ ကာလ 昔日，往日，过去 ②往事：～ ကိုမေ့ပစ် လိုက်ပါ။ 过去的就让它过去吧。③予兆，先兆：～ မကောင်းဘူး။ 予兆不好。④在彩票上写的祈求的话或许愿

**အတိတ်ကောက်** က၊ <a- teit kaut> 根据予兆作预言，下结论

**အတိတ်စိမ်း** န၊ <a- teit sein:> 玩 သုံးဆယ့်ခြောက်ကောင် 牌，下押注时按兆头采取的决定

**အတိတ်ဆောင်** က၊ <a-teit hsaun> 回顾

**အတိတ်ထုံး** န၊ <a-teit hton:> 旧习，习俗

**အတိတ်နိမိတ်** န၊ <a-teit n-meit> 先兆，预兆

**အတိတ်ပြ** က၊ <a-teit pya'> 予示，予兆

**အတိတ်ဘဝ** န၊ <a-teit b-wa'> 前生，前世；过去的生活

**အတိတ်ရ** က၊ <a-teit ya'> 有吉兆，有祥瑞

**အတိတ်ရာဇဝင်** န၊ <a-teit ya z-win> 往事

**အတိတ်ဝတ္ထု** န၊ <a- teit wut htu'> 前生前世的故事，前世的事情

**အတုတ်** န၊ <a-tout> ①壮，胖乎乎的 ②粗

**အတုတ်အခွန်** န၊ <a- tout a-khun> 税

**အတန့်** န၊ <a- tan'> ①长条形，条纹，线条 ②格

**အတန့်တန့်** ကဝ၊ <a- tan' dan'> 一个接一个地，连续地

**အတန့်အတန့်** ကဝ၊ <a- tan' a- tan'> 一条条地，条纹状

**အတန်** ကဝ၊ <a- tan> 有些，稍微，一定，相当：လူမမာ ～ သက်သာလာပေပြီ။ 病人有些好转。

**အတန်ကလေး** ကဝ၊ <a- tan g- lei:> 少许，稍微：သူသည်ဘူတာရုံနှင့် ～ ဝေးသောနေရာ၌နေသည်။ 他住在离火车站不远的地方。

**အတန်ကြာ** က၊ <a- tan kya> 好久，相当久；相当一段时间，好一会儿：～ မှကျွန်တော်လာခဲ့မယ်။ 我过些时候再来。/ သူနဲ့မတွေ့ရတာ ～ ပြီ။ 好久没同他见面了。

**အတန်ကြီး** ကဝ၊ <a- tan gyi:> 相当

**အတန်ငယ်** ကဝ၊ <a- tan nge> 稍许，略微，一会儿

**အတန္တိ** န၊ <a-tan ti> 比喻

**အတန္တု** န၊ <a- tan tu'> 比喻

**အတန်တန်** I ကဝ၊ <a- tan dan> 反复，一再，再三，多次，常常：စာ ～ ပေးသော်လည်းသူကစာမပြန်ချေ။ 尽管再三去信，他却不回信。/ သူ့ကို ～ သတိပေးပါသည်။ 一再提醒他。 II နဝ၊ <a- tan dan> 一条条，一道道，一层层：မြစ် ～ ကိုဖြတ်လာသည်။ 渡过一条条江河。/ ဘဝ ～ (轮回)各世

**အတန်တန်အတည်တည်** ကဝ၊ <a- tan dan a- ti di> 反复，再三，多次

**အတန်အရာ** ကဝ၊ <a- tan a-ya> (罕)正好，适当，普通

**အတန်အရန်** ကဝ၊ <a- tan a- yan> ＝ အတန်အရာ

**အတန်အသင့်** ကဝ၊ <a-tan a-thin'> 适当，一定，一般：～ လူမှုအတွေ့အကြုံရှိသူတဦးဖြစ်သည်။ 有一定社会经验的人。/ ～ ကောင်းပါသည်။ 还不错。

**အတန်း** န၊ <a- tan:> ①排，列，行：～ လိုက်စိုက်နည်း 成垅种植法 ②班级，课程：ဒီနေ့ ～ ရှိသလား။ 今天有课吗？/ ～ ကျသည်။ 留级。/ ～ တင်စာမေးပွဲ 年终考试，升级考试 / ～ ပိုင်ဆရာ 班主任 / ～ ဖြုတ်ပြီ။ 下课了。/ ～ တက်တယ်။ 上课。/ ～ ပြောင်းသည်။ 换班。/ ～ သား 学员 ③等级，级别 ④花柳巷，青楼巷

**အတန်းကျောင်း** န၊ <a- tan: gyaun:> 现代学校(与 ဘုန်းကြီးကျောင်း 相对而言)

**အတန်းအစား** န၊ <a-tan: a-sa:> 等级，种类